COMMITTEE REPRESENTING
PYIDAUNGSU HLUTTAW

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

သတင်းစဉ် အမှတ် (၃)

"As for Myanmar, the Governing Council noted with regret that no significant development had occurred since the last Assembly. The situation had worsened, as the execution of some parliamentarians had occurred. The junta had said that it would organize elections by August 2023. In this light, the Governing Council decided to maintain the stance adopted in Nusa Dua not to recognize the military regime in Myanmar, in solidarity with the elected MPs. The Governing Council also acknowledged that for the moment those MPs were not able to function as a fully-fledged parliament. It therefore maintained its decision that the Committee Representing Pyidaungsu Hluttaw continue to attend IPU Assemblies in an observer capacity."

အာဏာသိမ်းစစ်ကောင်စီအား အသိအမှတ်မပြုကြောင်း နိုင်ငံတကာပါလီမန်များအဖွဲ့ ဆုံးဖြတ်ခဲ့

"လွန်ခဲ့သည့် ညီလာခံနောက်ပိုင်း မြန်မာနိုင်ငံတွင် သိသာထင်ရှားသည့် တိုးတက်မှုမရှိသည်ကို ဝမ်းနည်းစွာ မှတ်သားရပါကြောင်း။ လွှတ်တော်ကိုယ်စားလှယ်အချို့အား သေဒဏ်ပေးမှုကြောင့် အခြေအနေသည် ပိုမိုဆိုးဝါးခဲ့ပြီး ဖြစ်ပါကြောင်း၊ အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ရွေးကောက်ကျင်းပမည်ဟု ကြေညာထားပါကြောင်း၊ ထို့ကြောင့် မြန်မာရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် အတူရပ်တည်သည့်အနေဖြင့် အာဏာသိမ်းစစ်ကောင်စီအား အသိအမှတ်မပြုရန် အမှုဆောင်ကော်မတီက ဆုံးဖြတ်ပါကြောင်း" ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပ ခဲ့သည့် (၁၄၅) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ညီလာခံ၌ (၂၁၀) ကြိမ်မြောက် အမှုဆောင်ကော်မတီအစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သည့် (၁၄၃) ကြိမ်မြောက် ညီလာခံ၌ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီအား လွှတ်တော်တစ်ရပ် ပီပီပြင်ပြင် ပေါ်ပေါက်သည်အထိ IPU ၏ တရားဝင်မိတ်ဖက်ဆွေးနွေးဖက်အဖြစ် IPU အစည်းအဝေးများတွင် မဲပေးခွင့်မရှိသော လေ့လာသူအဖြစ် တက်ရောက်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။

အသေးစိတ်ကို အောက်ပါဝဘ်ဆိုက်လင့်တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/ipu-decided-not-to-recognize-the-military-regime-in-myanmar/

- ကြေညာချက်များ
- သဝဏ်လွှာများ
- သတင်းထုတ်ပြန်ချက်များ
- ဝန်ကြီးဌာနများနှင့် တွေ့ဆုံမှုသတင်းများ
- စီဒီအမ်များနှင့် တွေ့ဆုံမှုသတင်းများ
- မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုသတင်းများ
- နိုင်ငံတကာဆက်ဆံရေးကဏ္ဍ



ပြည်သူ့အချုပ်အခြာအာဏာ (Sovereignty of the People - SoP) နှင့် စပ်လျဥ်းသည့် အချက်များအား ဆွေးနွေးတင်ပြခြင်းအတွက် တွေ့ဆုံပွဲတစ်ရပ် ကျင်းပပြုလုပ်

ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၏ ဖက်ဒရယ်ရေးရာကော်မတီသည် ဩစတြေးလျနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြား၍ ပြည်သူ့အချုပ်အခြာအာဏာ (Sovereignty of the People-SoP) နှင့် စပ်လျဥ်းသည့် အချက်များအား ဆွေးနွေးနိုင်ရန် တွေ့ဆုံပွဲတစ်ရပ်အား ၂၂.၁.၂၀၂၃ ရက်နေ့ ၁၈၀၀ နာရီ အချိန်တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဖက်ဒရယ်ရေးရာကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြား၍ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များက ဆက်လက်ဆွေးနွေးတင်ပြရာတွင် ပြည်သူတို့၏အချုပ်အခြာအာဏာသည် ပြည်သူများ၏ လက်ထဲတွင်သာရှိရန်မှာ အရေးကြီးဆုံးဖြစ်ကြောင်း၊ အချုပ်အခြာအာဏာ၏ပိုင်ရှင်ဖြစ်သည့် ပြည်သူများ၏ လက်ထဲတွင် အချုပ်အခြာအာဏာသည် ရှိမနေသည့်အတွက် ပြည်သူများအနေဖြင့် နိုင်ငံရေးအနာဂတ်ကို ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ အချုပ်အခြာအာဏာအား တရားမဝင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အသုံးချ၍ တရားမဝင်အာဏာသိမ်းစစ်ကောင်စီက လိမ်လည် လုယူခဲ့ခြင်းဖြစ်ကြောင်းကို ဒီမိုကရေစီဆိုင်ရာအခြေခံမူများဖြင့် နိုင်ငံတကာ အသိုက်အဝန်းသို့ ညွှန်ပြပေးရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

အသေးစိတ်ကို အောက်ပါလင့်ဆိုက်လင့်တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/crph-federal-affairs-committee-meeting-and-discussion-on-sovereignty-of-the-people/

စစ်ရာဇဝတ်မှုများနှင့်စပ်လျဥ်း၍ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်၊ စစ်ဥပဒေ ဌာနခွဲမှ တာဝန်ရှိသူများနှင့် CRPH လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကော်မတီဝင်များ တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကော်မတီသည် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်၊ စစ်ဥပဒေဌာနခွဲမှ တာဝန်ရှိသူများနှင့် စစ်ရာဇဝတ်မှု ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဥ်း၍ တွေ့ဆုံဆွေးနွေးပွဲအား ၂၅.၁.၂၀၂၃ ရက်နေ့ ၁၅၀၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကော်မတီ၊ အတွင်းရေးမှူး ဦးနေမျိုးက အဖွင့်အမှာစကားပြောကြား၍ စစ်ဥပဒေဌာနခွဲမှ တာဝန်ရှိသူများက ဌာန၏ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဥ်များအား ရှင်းလင်းတင်ပြခြင်းနှင့် ကသုံးလုံးဒေသအတွင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ တရားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော အရပ်ဖက်တရားရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေ၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတရေး (Transitional Justice) အတွက် လိုအပ်သော ခေတ်အဆက်ဆက် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် စီစဥ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခြား EROs များ၏ စစ်ဖက်ဆိုင်ရာ ဥပဒေများနှင့် ကွာခြားမှု ရှိ၊ မရှိ စသည့် သိရှိလိုသည့် လုပ်ငန်းများအား ဆွေးနွေးမေးမြန်းခဲ့ရာ စစ်ဥပဒေဌာနခွဲမှ တာဝန်ရှိသူများက ပြည့်စုံစွာ ရှင်းလင်းဖြေကြား၍ ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဥ်များအား ဆွေးနွေးခဲ့ကြသည်။

အသေးစိတ်ကို အောက်ပါလင့်ဆိုက်လင့်တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

https://crphmyanmar.org/committee/security-and-defense-committee-news/meeting-and-discussion-of-crph-security-and-defense-committee-and-nug-mod-on-war-crimes/

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက National Defense Authorization Act (NDAA) နှင့်စပ်လျဉ်းသည့်အခြေအနေများအတွက် ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြ

ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ ပုံမှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာနက National Defense Authorization Act (NDAA) နှင့်စပ်လျဉ်းသည့် အခြေအနေများအတွက် ဆောင်ရွက်ထားရှိမှုနှင့်ဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များအား ၂၇.၁.၂၀၂၃ ရက်နေ့ ၁၉၀၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ရှင်းလင်း တင်ပြခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်က အဖွင့်အမှာစကားပြောကြား၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာက NDAA နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် အမေရိကန်ပြည်ထောင်စုရှိ Advocacy Group များနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိမှုများ၊ အမေရိကန်ပြည်ထောင်စု၏ သက်ဆိုင်ရာဥပဒေပြုလွှတ်တော်ကော်မတီများ၊ လွှတ်တော်အမတ်များနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများ၊ ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများ၊ ၎င်းဥပဒေပြုခြင်း နှင့်စပ်လျဉ်း၍ မဲပေးပိုင်ခွင့်ရှိသော အမေရိကန်ပြည်ထောင်စု ပြည်သူများနှင့် ဆက်သွယ်ဆောင်ရွက်ထားရှိမှု၊ မီဒီယာများနှင့် Talk Show များတွင် ဆောင်ရွက်ထားရှိမှုများ၊ NDAA အတည်ပြုလာခြင်းအတွက် တုံ့ပြန်လာနိုင်သောကိစ္စရပ်များအား အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက သိရှိလိုသည်များအား မေးမြန်းကာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြား၍ လွှတ်တော်ကဏ္ဍအနေဖြင့် ရှေ့လုပ်ငန်းစဉ်များတွင် မည်သို့ချိတ်ဆက်ဆောင်ရွက်နိုင်သည်ကို အကြံပြုဆွေးနွေးခဲ့သည်။

အသေးစိတ်ကို အောက်ပါဝဘ်ဆိုက်လင့်တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/nug-moic-explained-on-ndaa-at-crph-regular-meeting/

ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ် အစည်းအဝေး၊ ပထမနေ့ကို အောင်မြင်စွာ ကျင်းပပြီးစီး

ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ် အစည်းအဝေးပထမနေ့ကို (၃၁-၁-၂၀၂၃) ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၂၃၇) ဦး တက်ရောက်ခဲ့ပြီး အစည်းအဝေးတက်ရောက်ခွင့်ရှိသူဦးရေ၏ (၅၈.၂၃) ရာခိုင်နှုန်း တက်ရောက်ခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော် လုပ်ငန်းလမ်းညွှန်နှင့် အညီ အစည်းအဝေးအား အစီအစဉ် (၁၅) ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံတော်ယာယီသမ္မတ ဒူဝါလရှီးလ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်နှင့် နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပြီး နေ့လယ် ၁၂:၅၅ နာရီတွင် ရပ်နားခဲ့ပါသည်။ ပြည်ထောင်စု လွှတ်တော် ပဉ္စမအကြိမ်အစည်းအဝေး ဒုတိယနေ့ ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

အသေးစိတ်ကို အောက်ပါဝဘ်ဆိုက်လင့်တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

https://crphmyanmar.org/my/publications/opening-ceremony-and-day-one-of-the-fifth-session-of-the-pyidaungsu-hluttaw/

ပြည်ထောင်စုလွှတ်တော်ပဉ္စမအကြိမ်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏လုပ်ငန်း ဆောင်ရွက်ချက် အစီရင်ခံစာ ထုတ်ပြန်ခြင်း

၃၁.၁.၂၀၂၃ ရက်နေ့၊ ၁၀၀၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ်အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား မိဘပြည်သူများ ဖတ်ရှုနိုင်ရန် လေးစားစွာ အသိပေးထုတ်ပြန်အပ်သည်။

အသေးစိတ်ကို အောက်ပါလင့်ခ်ဆိုက်လင့်တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

https://crphmyanmar.org/my/publications/crph-report-to-pyidaungsu-hluttaw/

ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်သွင်းခဲ့သည့် နိုင်ငံတကာလွှတ်တော် အသိုက်အဝန်းနှင့် ဆက်ဆံရေးခိုင်မာအားကောင်း လာစေရေးဆောင်ရွက်ချက်များနှင့်တိုးတက်ဖြစ်ထွန်းမှု များအား ထုတ်ပြန်ခြင်း

၃၁.၁.၂၀၂၃ ရက်နေ့၊ ၁၀၀၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ် အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်သွင်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၏ နိုင်ငံတကာလွှတ်တော်အသိုက်အဝန်းနှင့် ဆက်ဆံရေး ခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများအား မိဘပြည်သူများ ဖတ်ရှုနိုင်ရန် လေးစားစွာ အသိပေးထုတ်ပြန်အပ်သည်။

အသေးစိတ်ကို အောက်ပါလင့်ခ်ဆိုက်လင့်တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

https://crphmyanmar.org/my/publications/crph-ir-report-to-pyidaungsu-hluttaw/

(၇၄) နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

CRPH

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

(၇၄) နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့သို့ ပေးပို့သည့်သဝဏ်လွှာ

၁။ ယနေ့ကျရောက်သည့်(၇၄)နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့ အချိန်အခါ သမယတွင် ကရင်တိုင်းရင်းသားများအားလုံးနှင့်တကွ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေး၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၂။ ခေတ်အဆက်ဆက်တိုင် စစ်အာဏာရှင်တို့၏ မတရားမှု၊ ဖိနှိပ်မှု၊ အကြမ်းဖက် လုပ်ရပ်များအား ကရင်တိုင်းရင်းသားများအနေဖြင့် ရဲရဲဝံ့ဝံ့ ဆန့်ကျင်တော်လှန်ခဲ့ကြပြီး ယနေ့နွေဦးတော်လှန်ရေး အဆုံးသတ်တိုက်ပွဲတွင်လည်း ကရင်အမျိုးသားခေါင်းဆောင်များနှင့် ညီနောင်ကရင်တိုင်းရင်းသားအပေါင်းတို့သည် နိုင်ငံတစ်ဝှမ်းမှ တိုင်းရင်းသားညီနောင်များနှင့်အတူ ဖက်စစ်စစ်အာဏာရှင်စနစ်ဆိုးအား မြန်မာ့မြေပေါ်မှ အမြစ်ပြတ် တိုက်ထုတ်ရာတွင် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်လျက်ရှိပါသည်။ နွေဦးတော်လှန်ရေးတွင် တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့ကြသော ကရင်တိုင်းရင်းသားအာဇာနည် သူရဲကောင်းများအား မိမိတို့အနေဖြင့် အစဉ်လေးစား ဂုဏ်ယူလျက်ရှိပါသည်။

၃။ နွေဦးတော်လှန်ရေးကာလတလျှောက်တွင် ရင်ဆိုင်ကြုံတွေ့ကြရသော အခက်အခဲ စိန်ခေါ်မှုများအား ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် ကျော်ဖြတ်ကာ မိမိနိုင်ငံနှင့် မိမိလူမျိုးအတွက် လွတ်လပ်၍ တရားမျှတသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ တော်လှန်ရေးအင်အားစုအားလုံး စည်းလုံးညီညွတ်စွာ ရှေ့ဆက်ချီတက်နိုင်ခဲ့ကြသည်မှာ မိမိတို့ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုအင်အားကြောင့်သာဖြစ်ပါသည်။ ထိုစည်းလုံးညီညွတ်မှုအင်အားကိုလည်း မည်သည့်အာဏာရှင်ကမျှ သွေးခွဲသပ်လျှိုပြုလုပ်နိုင်မည်မဟုတ်ဘဲ နိုင်ငံတကာကပင် တန်ဖိုးထား လေးစားလျက်ရှိပါသည်။

၂

၄။ နှစ်ပေါင်းများစွာကြာ ကရင်အမျိုးသား တော်လှန်ရေးခေါင်းဆောင်ကြီးများ မျှော်လင့်တောင့်တခဲ့ကြသော အရောင်အသွေးစုံလင်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ် အမြန်ဆုံးပေါ်ပေါက်ရေး တူညီသောခံယူချက်သဘောထားများဖြင့် ရှေ့ဆက်လျှောက်လှမ်း၍ မိမိတို့အားလုံး လက်တွဲကြိုးပမ်းသွားနိုင်စေရန် အလေးအနက် ဆန္ဒပြုလျက် ဤ **(၇၄) နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့ သဝဏ်လွှာ** အား ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ